ပြည်ထောင်စုမြန်မာနိုင်ငံတော်
အစိုးရအဖွဲ့

<u>အ မိန့် ကြော် ငြာ စာ</u>

အမှတ် - ၂၆ / ၉၄

ရန်ကုန်မြို့၊ ၁၃၅၆ ခုနှစ် နတ်တော်လဆန်း ၃ ရက်။

(၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်။)

## <u>မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ ချမှတ်ခြင်း</u>

ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကို ကာကွယ်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရေ၊ မြေ၊ သစ်တော၊ ဓာတ်သတ္တု၊ အဏ္ဏဝါ သယံဇာတနှင့် အခြားသဘာဝ သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲရာတွင် သင့်လျော်ကောင်းမွန်သည့် ပတ်ဝန်းကျင်ရေးရာ မူဝါဒများ ချမှတ်ပေးနိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် အောက်ဖော်ပြပါ မူဝါဒကို ချမှတ်လိုက်သည်-

**"နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုသည် ယင်းနိုင်ငံ၏ ပြည်သူများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ ပတ်ဝန်းကျင်နှင့် သဘာဝ သယံဇာတ ပစ္စည်းများပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ရေးရာ မူဝါဒ ရည်မှန်းချက်မှာ ပြည်သူတစ်ရပ်လုံး၏ လူနေမှု ဘဝ အဆင့်အတန်းကို မြှင့်တင်ရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင် ရေးရာကိစ္စရပ်များကို ထည့်သွင်း ပေါင်းစပ်ခြင်းအားဖြင့် ပတ်ဝန်းကျင် နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမျှမှုတို့ကို ရရှိစေရေးပင် ဖြစ်သည်။ နိုင်ငံတိုင်းသည် အခြားနိုင်ငံများ၏ အချုပ်အခြာ အာဏာပိုင်မှုကို မထိပါးစေရန် သို့မဟုတ် အကျိုးစီးပွားကို မထိခိုက်စေရန် အထူး အလေးထား၍ မိမိနိုင်ငံ၏ ပတ်ဝန်းကျင်ရေးရာ မူဝါဒများနှင့်အညီ မိမိနိုင်ငံပိုင် သဘာဝသယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲနိုင်သည့် အချုပ်အခြာ အာဏာပိုင်ခွင့်ရှိသည်။ ပစ္စုပ္ပန်နှင့် အနာဂတ် မျိုးနွယ်ဆက်**

များ၏ အကျိုးငှာ သဘာဝသယံဇာတ ပစ္စည်းများကို ကာကွယ် ထိန်းသိမ်းရေးသည်နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက်အဖြစ် ထာဝစဉ် ထားရှိရမည် ဖြစ်သည်။ "

အမိန့်အရ

ပုံ/-
( စိုးတင့် )
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

စာအမှတ်၊ ၄၁ / ၉၄ အဖရ ၉၄ ။
ရက်စွဲ၊ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်။

မိတ္တူကို-

(၁) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး
(၂) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး
(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှေ့နေချုပ်ရုံး
(၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားရုံးချုပ်
(၅) ပြည်ထောင်စုမြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံး
(၆) နိုင်ငံတော်သမ္မတရုံး
(၇) ပြည်သူ့လွှတ်တော်ရုံး

(၈) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး

(၉) ဝန်ကြီးဌာန အားလုံး

(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး

(၁၁) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး

(၁၂) ဝန်ထမ်းရေးရာဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်နှင့် အပိုမိတ္တူ စောင်ရေ (၅၀) ကို ဤရုံးသို့ ပေးပို့ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါ သည်။

အမိန့်အရ

ပုံ/-

( စိန်သန်း )

ဒုတိယညွှန်ကြားရေးမှူး

အစိုးရအဖွဲ့ရုံး